ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၇ /၂၀၂၅

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

# အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များအသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up – CBU စနစ်၊ Completely Knocked Down – CKD စနစ်နှင့် Semi-Knocked Down – SKD စနစ်တို့ဖြင့် တင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် ဘက်ထရီလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစားများ၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်–

(က) လမ်းပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ်
(Road tractor for Semi-trailer)၊

(ခ) ယာဉ်မောင်း အပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင် မော်တော်ယာဉ်
(Bus) (Motor Vehicle for the transport of ten or more persons, including driver)၊

(ဂ) ကုန်တင်ယာဉ် (Truck)၊

(ဃ) လူစီးယာဉ် (Motor Vehicle for the transport of persons)၊

(င) သုံးဘီးတပ်ယာဉ် (လူစီး) (Three-wheeled vehicle for the transport of persons)၊

(စ) သုံးဘီးတပ်ယာဉ် (ကုန်တင်) (Three-wheeled vehicle for the transport of goods)၊

(ဆ) လူစီး နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle)၊

(ဇ) လူစီး နှစ်ဘီးတပ် လျှပ်စစ်စက်ဘီး (Electric Bicycle)၊

(ဈ) လူနာတင်ယာဉ် (Ambulance)၊

(ည) ထောင်ကား (Prison Van)၊

(ဋ) နိဗ္ဗာန်ယာဉ် (Hearse)၊

(ဌ) အပိုဒ်ခွဲ(က) မှ (ဋ) ထိပါ ဘက်ထရီလျှပ်စစ်သုံးယာဉ်များနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ - အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ) နှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ (Spare Parts)။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်ထိ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၂၆၇ (EV) (၁၆၄၀ / ၂၀၂၅)
ရက် စွဲ၊ ၂၀၂၅ ခုနှစ် ၊ မတ်လ ၃၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး



ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
အမျိုးသားပို့ကုန်မဟာဗျူဟာအစိုးရ- ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဝင်အားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး
ညွှန်ကြားရေးမှူးချုပ်, ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန — မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်။
ရုံးဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ


(မင်းထွဋ်)
ဒုတိယဝန်ကြီး

ပူးတွဲစာရင်း



# Spare Parts for Battery Electric Vehicle

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 1 | Traction Battery Pack |  | |
| 2 | Electric Traction Motor |  | |
| 3 | Battery Management System (BMS) |  | |
| 4 | Drive Control Unit (DCU) |  | |
| 5 | DC-DC Converter |  | |
| 6 | Electrical Circuit Breaker For EV or Disconnect Parts |  | |

# Spare Parts for Battery Electric Vehicle

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 7 | Charge Port |  | |
| 8 | Portable EV Charger |  | |
| 9 | On-board charger |  | |
| 10 | Power Inverter |  | |
| 11 | EV Connectors |   | |

# Spare Parts for Battery Electric Vehicle

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 12 | High Voltage Harness |  | |
| 13 | Controller |  | |
| 14 | Battery Cooling System (Thermal) |  | |
| 15 | Charging Cable |  | |

# Spare Parts for Battery Electric Vehicle

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 16 | Charging Adapters |  | |

မှတ်ချက်။ - အမျိုးအစားအလိုက်ပုံများကို နမူနာအဖြစ်သာ ထည့်သွင်းထားခြင်းဖြစ်ပါသည်။

- ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့် Manufacturer ၏ Design နှင့် တိုးတက်ပြောင်းလဲလာမည့် နည်းပညာအပေါ် မူတည်၍ နမူနာပြပစ္စည်းပုံများသည် ပြောင်းလဲမှုရှိနိုင်ပါသည်။